FMI
PART OF THE YOMA GROUP

## အမှုဆောင် မဟုတ်သော ဒါရိုက်တာတစ်ဦး အနားယူခြင်းနှင့် စာရင်းစစ်နှင့် ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှု ကော်မတီတွင် အဖွဲ့ဝင်အသစ် တစ်ဦးခန့်အပ်ခြင်း

ဖတ်(စ်)မြန်မာအင်ဗက်(စ်)မဲ့ (န်)ကုမ္ပဏီလီမိတက် ("ကုမ္ပဏီ" နှင့် ၎င်း၏လက်အောက်ခံကုမ္ပဏီခွဲများ စုပေါင်း၍ "ကုမ္ပဏီအုပ်စု") ဒါရိုက်တာအဖွဲ့သည် အောက်ပါ ဒါရိုက်တာအဖွဲ့ဝင်များပြောင်းလဲခြင်း နှင့် ကော်မတီအဖွဲ့ဝင် အသစ်ခန့်အပ်ခြင်းကို အစုရှယ်ယာရှင်များအား အသိပေးအပ်ပါသည်။ အဆိုပါပြောင်းလဲမှုများသည် ၂၀၁၈ခုနှစ်၊ နိုဝင်ဘာလ (၂၉) ရက်နေ့မှစတင် အကျိုးသက်ရောက်မည်ဖြစ် ပါသည်။

### ၁။ အမှုဆောင်မဟုတ်သော ဒါရိုက်တာ ဦးညွန့်တင် တာဝန်မှ အနားယူခြင်း

ဦးညွန့်တင်သည် ကုမ္ပဏီ တွင် အမှုဆောင်မဟုတ်သော ဒါရိုက်တာ ( Non-Executive Director) အဖြစ် ကုမ္ပဏီ ဒါရိုက်တာအဖွဲ့နှင့် စာရင်းစစ်နှင့် ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုကော်မတီတွင် (၂) နှစ်ကြာတာဝန်ထမ်းဆောင်ခဲ့ပြီးနောက် အနားယူသွားခဲ့ပြီ ဖြစ်ပါသည်။ ကုမ္ပဏီ လုပ်ငန်းတိုးတက်အောင်မြင်ရေးအတွက် အရေးပါသည့် အခန်းကဏ္ဍများတွင် တာဝန်ထမ်းဆောင်ခဲ့သည်ကို ဒါရိုက်တာအဖွဲ့က မှတ်တမ်းတင် ပါကြောင်း ဖော်ပြအပ်ပါသည်။

### ၂။ ဦးသန်းအောင်အား စာရင်းစစ်နှင့် ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှု ကော်မတီ အဖွဲ့ဝင်သစ်အဖြစ် ခန့်အပ်တာဝန်ပေးခြင်း

စာရင်းစစ်နှင့် ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှု ကော်မတီ အဖွဲ့ဝင်တစ်ဦးအဖြစ်မှ ဦးညွန့်တင် နုတ်ထွက်သွားပြီးနောက် ဒါရိုက်တာအဖွဲ့သည် ဦးသန်းအောင်အား ကော်မတီ အဖွဲ့ဝင်သစ်အဖြစ်ခန့်အပ်တာဝန်ပေးခဲ့ပါသည်။ ဦးသန်းအောင်သည် FMI ကုမ္ပဏီ တွင် အမှုဆောင် မဟုတ်သော ဒါရိုက်တာအဖြစ် ၁၉၉၂ ခုနှစ်မှ စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး အမည်တင်သွင်းရေးကော်မတီ အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်ပါသည်။

အထက်ပါအတိုင်း ပြောင်းလဲခန့်အပ်ပြီးနောက်တွင် ကုမ္ပဏီ၏ ဒါရိုက်တာ အဖွဲ့နှင့် ကော်မတီအဖွဲ့များသည် အောက်ပါအတိုင်း တာဝန် ထမ်းဆောင်ကြမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**<u>ဒါရိုက်တာအဖွဲ့</u>**

| | |
|---|---|
| ဦးသိမ်းဝေ | (အမှုဆောင်ဥက္ကဋ္ဌ) |
| ဦးမြတ်သင်းအောင် | (အမှုဆောင်မဟုတ်သော ဒု-ဥက္ကဋ္ဌ) |
| ဦးထွန်းထွန်း | (အမှုဆောင်ဒါရိုက်တာ) |
| ဒေါ်ဇာခြည်တင် | (အမှုဆောင် ဒါရိုက်တာ) |
| ဦးသန်းအောင် | (အမှုဆောင်မဟုတ်သောဒါရိုက်တာ) |
| ပါမောက္ခဒေါက်တာရီရီမြင့် | (အမှုဆောင်မဟုတ်သောဒါရိုက်တာ) |

| | |
|---|---|
| ဦးလင်းမြိုင် | (အမှုဆောင်မဟုတ်သောဒါရိုက်တာ) |
| ပါမောက္ခဒေါက်တာအောင်ထွန်းသက် | (အမှုဆောင်မဟုတ်သောဒါရိုက်တာ) |
| ဦးကြည်အေး | (အမှုဆောင်မဟုတ်သောဒါရိုက်တာ) |
| ပါမောက္ခဒေါက်တာကျော်ရင်လှိုင် | (အမှုဆောင်မဟုတ်သောဒါရိုက်တာ) |

**စာရင်းစစ်နှင့် ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှု ကော်မတီ**

| | |
|---|---|
| ဦးကြည်အေး | (ဥက္ကဋ္ဌ) |
| ပါမောက္ခဒေါက်တာရီရီမြင့် | (အဖွဲ့ဝင်) |
| ဦးသန်းအောင် | (အဖွဲ့ဝင်) |

**အမည်စာရင်းတင်သွင်းရေးကော်မတီ**

| | |
|---|---|
| ပါမောက္ခဒေါက်တာအောင်ထွန်းသက် | (ဥက္ကဋ္ဌ) |
| ဦးသန်းအောင် | (အဖွဲ့ဝင်) |
| ပါမောက္ခဒေါက်တာကျော်ရင်လှိုင် | (အဖွဲ့ဝင်) |

**လုပ်အားခနှင့်ချီးမြှင့်ငွေသတ်မှတ်ရေးကော်မတီ**

| | |
|---|---|
| ဦးမြတ်သင်းအောင် | (ဥက္ကဋ္ဌ) |
| ပါမောက္ခဒေါက်တာရီရီမြင့် | (အဖွဲ့ဝင်) |
| ဦးကြည်အေး | (အဖွဲ့ဝင်) |

ဒါရိုက်တာအဖွဲ့၏ အမိန့်အရ
ထွန်းထွန်း
အမှုဆောင်ဒါရိုက်တာ
၂၀၁၈ခုနှစ်၊ ဒီဇင်ဘာလ (၁၇) ရက်


**First Myanmar Investment Co., Ltd.**
YSX Code 00001
The Campus
1 Office Park, Rain Tree Drive
Pun Hlaing Estate, Hlaing Thayar Township,
Yangon 11401, Myanmar
Tel: (01) 3687766
www.fmi.com.mm